အုတ်ပုံကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုတ်ပုံကျေးရွာ၊ ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ ၂-၅
အတိုကောက်စကားလုံးများ ၆
စကားချီး ၇-၈
အုတ်ပုံကျေးရွာအရင်းအမြစ်ပြမြေပုံဟသ်ာတမြို့နယ် ၉
**အပိုင်(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**
( ၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၂၀
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့်၄ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄

(က)နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ)အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၅

(က)ကြီးကြပ်စစ်ဆေးခြင်း

( ခ)နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

( ဂ)နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ


ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၄
ကိုးကားစာရင်း ၇၅

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် | |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ် ဖြစ်ပါသည်။ ဤစီမံကိန်းစာအုပ် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များ နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျွန်ုပ် တို့၏ ကျေးရွာသူ/သားများအားလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ ယခုဤအစီအစဉ်ရေးဆွဲရေးအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ၏ အုပ်ချုပ်ရေးမှူးရုံးတွင်လည်း ရရှိနိုင်ကြောင်းနှင့် ထပ်မံ၍လိုအပ်သော အချက်အလက်များနှင့် နည်းပညာတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးများတွင် ရယူရန် လိုအပ် ကြောင်းသိရှိခဲ့ရပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသော ကိန်းဂဏန်းအချက်အလက်များ ထပ်မံ ဖြည့်ပေးခြင်းဖြင့် ပိုမိုပြည့်စုံ၍ တိကျမှန်ကန်လာမှာ သေချာပါသည်။ဤဖွံ့ဖြိုးရေးစီမံကိန်းသည် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေရင်းဖြင့် လုပ်ငန်းတိုးတက်မှု အားသာချက်/အားနည်းချက်များနှင့် ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲများ ဦးစားပေးရွေးချယ် မှုနှင့် အစီအမံများ၊ မူလချမှတ်ထားသည့် အစီအစဉ်များအား အချိန်နှင့်တပြေးညီ ပြန်လည်သုံးသပ်၍ လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် အများသဘောတူချမှတ်ထားသော နှစ်အလိုက် ဦးစားပေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများမှလည်း ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ဦးစားပေးလုပ်ငန်းစဉ်အလိုက် ငွေကြေးပံ့ပိုးမှုများ ရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ ပံ့ပိုးကူညီမှုဖြင့် ကျွန်ုပ်တို့ရွာသူ/သားများကိုယ်တိုင်ပါဝင်ရေးဆွဲထားသော ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များ၏ အားသာချက်အားနည်းချက်များအား သက်ဆိုင်ရာမှ စဉ်ဆက်မပြတ် အကဲဖြတ်၍ ပံ့ပိုးကူညီမှုများ ရရှိနိုင်လိမ့်မည် ဖြစ်ကြောင်း ယုံကြည်ပါသည်။

ကျွန်ုပ်တို့ ရွာသူ/သားများ ကိုယ်တိုင်ပါဝင်ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား အပိုင်း(၂)ပိုင်းစီဖြင့် သီးခြားဖော်ပြထားပါသည်။ အပိုင်း (က) ဖွံ့ဖြိုးရေးဗျူဟာနှင့်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖေါ်မည့်

ဗျူဟာ၊ဘဏ္ဍာနှစ်အလိုက်ဦးစားပေးလုပ်ငန်းများ၊ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ဖော်ပြထားပါသည်။ အပိုင်း(ခ)တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ကျေးရွာမှ အဆိုပြုထားသော စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အုတ်ပုံကျေးရွာ
ဟသ္သာတမြို့နယ်


ဟင်္သာတမြို့နယ်၊ ကညင်ငူကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာသာယာတောပြင်ကျေးရွာ သာယာတောပြင်မြေပုံ
ငါးကန်
ငါးကန်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည် ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက် ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ် သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် လေးမျက်နှာ-ဟသ်ာတ-ပုသိမ် ကားလမ်းမှ (၆)ဖာလုံခန့်တွင် တည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ ဟသ်ာတမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ခြင်းကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းများကို တပိုင်တနိုင်သာ လုပ်ကိုင်ကြပါသည်။ မိုးရွာသွန်းမှုမှာ ပုံမှန်သာရှိပြီး ရံဖန်ရံခါနှစ်များတွင်သာ မိုးရွာသွန်းမှု အနည်းငယ်ပိုလေ့ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများအား မိုးရာသီကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာသည် ပင်လယ်ကမ်း ခြေနှင့်ဝေးကွာသောကြောင့် ဆားငန်ရည်ဝင်ရောက်မှု မရှိပါ။ ကျေးရွာ၏အနေအထားမှာ ရွာတန်းရှည်အနေအထားဖြစ်ပြီး တော/တောင်များမရှိခြင်း မြေပြန့်ဒေသ အမျိုးအစားဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား မိုးရာသီတွင်သာ စိုက်ပျိုးပြီး၊ နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိပါ။ ဆောင်းသီးနှံအနေဖြင့် မတ်ပဲအား အစားထိုးစိုက်ပျိုးကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပြီး တော/တောင်များမရှိခြင်းကြောင့် သဘာဝသယံ ဇာတပစ္စည်းများနှင့် တိရစ္ဆာန် မျိုးစိတ်များတွေ့ရှိရခြင်း မရှိပါ။ မြေဆီလွှာအနေအထားမှာ အသင့် အတင့်ကောင်းမွန်ပြီး ထွန်ယက်စိုက်ပျိုးနိုင်သော မြေအမျိုးအစားဖြစ်ပါသည်။ ဆည်/မြောင်း/တာ/ တမံများ မရှိခြင်းကြောင့် ရေသွင်းစိုက်ပျိုးနိုင်ခြင်းမရှိပါ။ မြေအောက်ရေကိုသာ အဓိကထား သုံးစွဲ ရပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၉၈)စုနှင့်ကျား(၅၉၄)၊ မ(၆၂၀)ဦးဖြင့်လူဦးရေပေါင်း(၁၂၁၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေ၏ (၆၆.၁၄%)ရှိပြီး အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် (၁.၁%) ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များ ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်များအား ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး မတ်ပဲအား ဆောင်းသီးနှံအဖြစ် အစားထိုး စိုက်ပျိုးကြပါသည်။ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းအား အဓိက ထားလုပ်ကိုင်နေရသော်လည်း အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိနေပါသည်။ အချိန်အခါမဟုတ် သီးနှံ ဖျက်ပိုးများကျရောက်မှုကြောင့် ရင်းနှီးရမှုစရိတ်ကြီးမားခြင်း၊ နည်းပညာလက်လှမ်းမမီနိုင်မှု အခက် အခဲရှိခြင်းတို့ကြောင့် ရွာသူ/သားများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်နေရသော် လည်း ဝင်ငွေပိုင်ဆိုင်မှုအနေအထားမှာ အလွန်နည်းပါးကြပါသည်။ စီးပွားအဆင့်နှင့် ဆင်းရဲချမ်းသာ ကွာဟမှုမှာ ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၆၀.၈၆%)မှာ အလွန်ဆင်းရဲကြပြီး ဆင်းရဲသော အိမ်ထောင်စုမှာ (၁၁.၅၁%)၊ အဆင်ပြေသောအိမ်ထောင်စုမှာ (၁၃.၁၆%) တို့ဖြစ် ကြပါသည်။

လယ်ယာမြေပိုင်ဆိုင်မှုမှာ အဆင့်အတင့်ရှိပြီး လယ်ယာသုံးစက်ကရိယာပစ္စည်းများ ပိုင်ဆိုင်မှုမှာ အနည်းငယ်သာရှိကြပါသည်။ အများစုမှာ ပြင်ပမှငွားရမ်းထွန်ယက်ကြရခြင်း၊ ငှားရမ်း စရိတ်ကြီးမြင့်မှုတို့ကြောင့် ကျေးရွာ၏စီးပွားတိုးတက်မှု အနေအထားမှာ ထင်သလောက် အကျိုး ဖြစ်ထွန်းမှု မရှိပေ။ မြေယာမဲ့ရွာသူ/သားများမှာလည်း မြေယာပိုင်ဆိုင်သူများ၏လုပ်ငန်းများတွင် နေ့စားဝင်ရောက်လုပ်ကိုင်ကြပါသည်။ အချို့ရွာသူ/သားများသည် ကျေးရွာ၏အနီးပတ်ဝန်းကျင် တွင်ရှိသော လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆန်စက်လုပ်ငန်းများတွင် သွားရောက် လုပ်ကိုင် ကြခြင်းဖြင့် မိမိတို့၏ဝမ်းစာအခက်အခဲများကို ပြေလည်အောင် ဖြေရှင်းကြပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သော အိမ်ထောင်စုနှင့် ငွေတိုးချေးလုပ်ကိုင်သော အိမ်ထောင်စုများသာလျှင် ငွေကြေးအဆင်ပြေကြပါသည်။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လက်လုပ်လက်စား၊ ဆောက်လုပ်ရေး လုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများလည်း ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုမှာ (၁၇၀)ရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံနှစ်ပုံခန့်ရှိသော်လည်း ရာသီ အလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၆၄)စုကို လေ့လာဆန်းစစ်မှု အရ ယင်းတို့၏ ၅၈%မှာ သူတပါးထံမှ ချေးယူ၍ ဖြေရှင်းနေကြပြီး ၄၂%ခန့်မှာ လုပ်အားခကြိုယူ၍ ဖြေရှင်းနေကြကြောင်း တွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀,၀၀၀/– ကျပ်မှ ၅၀၀,၀၀၀/– ကျပ်ထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ ကျေးရွာသမဝါယမအသင်းနှင့် ကျေးရွာရှိအများပိုင်ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန် အတွက်နှင့် ကျန်းမာရေးကိစ္စရပ်

များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေ အထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများ ဖြစ်သည့်သက်ကြီးရွယ်အို(၇)ဦးတို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တော ပြုန်းတီးမှုကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအ ထားများတွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက် သက်ရောက်မှု နိမ့်ကြောင်းတွေ့ရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာရေးကောင်းမွန်ကြပြီး ရွာရှိ အထက်တန်းကျောင်း(ခွဲ)တွင်လည်း ပြင်ပအလှူရှင်များမှ လာရောက်၍ ကျန်းမာရေးနှင့် အဟာရ တိုက်ကျွေးမှုများ ပြုလုပ်ပေးလေ့ရှိပါသည်။ ကျန်းမာရေးဌာနမှ ပြုလုပ်ပေးသောကျောင်း ကျန်းမာရေးနှင့် ကလေးငယ်များ၏ တကိုယ်ရည်သန့်ရှင်းရေး ဝန်ဆောင်မှုများလည်း ရရှိကြ ပါသည်။ရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ (၆)မိုင်ခန့် အကွာရှိ တလုတ္တော်တိုက်နယ်ဆေးရုံနှင့် လေးမျက်နှာမြို့နယ်ရှိ မြို့နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး (၁၁)မိုင်ခန့်ဝေးပြီး ကား/ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ သွားလာနိုင်သော ဟင်္သာတမြို့နယ်ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီသည်။

ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူလုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွါးမှုများ ရံဖန်ရံခါသာ ရှိကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးမှာမြို့ပေါ်နှင့်နှိုင်းယှဉ်လျှင် အတော်အသင့်မြင့်မားကြောင်းနှင့် ရွာသူ/ ရွာသားအများစုသည် သာမာန်အားဖြင့် အရေးအဖတ်တို့ကိုတက်မြောက်ကြပြီး တက္ကသိုလ် တက်ရောက်ဆဲနှင့်ဘွဲ့ရအရေအတွက်မှာ အသင့်သင့်ရှိပါသည်။ အခြေခံပညာရေးကို ရွာရှိ အထက် တန်းကျောင်း(ခွဲ)တွင်တက်ရောက် ပညာသင်ကြားနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းတို့တွင် အလွန်နိမ့်ကျနေပြီး လူငယ်/လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများလည်းနည်းပါးနေဆဲဖြစ်ကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

## (စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မရေးရာကိစ္စနှင့်ပါတ်သက်ပြီး အချိုးညီမျှမှုရှိပါသည်။ ကျား/မ ရေးရာ တာဝန်ယူမှုအပိုင်းတွင်လည်း နိုင်ငံတော်အပိုင်းမှ ချမှတ်ထားသည့်စံနှုန်းများအတိုင်း လိုက်နာ ကျင့်သုံးလျှက်ရှိပါသည်။ ကျေးရွာတွင်ကျား/မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများ မရှိပါ။ ကျေးရွာတွင် ဖွဲ့စည်းထားသောအဖွဲ့စည်းများတွင်သော်လည်းကောင်း၊ ရပ်ရွာအခြေပြု ကျေးရွာပြင်ပအဖွဲ့အစည်းများတွင်သော်လည်းကောင်း အများအားဖြင့် အမျိုးသား များနှင့် တန်းတူအခွင့်အရေးရကြပါသည်။

ပညာရေးနယ်ပယ်တွင်လည်း ကျေးရွာမှကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက် များအား ကြည့်ခြင်းအားဖြင့် အတန်းပညာသင်ယူမှုမှာလည်း အမျိုးသားများနည်းတူ အမျိုးသမီး များသည် ပညာသင်ယူနိုင်ကြပြီး ခွဲခြားနှိမ်ချဆက်ဆံခြင်းမျိုး မရှိပါ။ကျေးရွာ၏ အုပ်ချုပ်ရေးပိုင်း တွင်မူ အမျိုးသားများမှ ဦးဆောင်ကြပြီး ကျေးရွာ၏ဖွံ့ဖြိုးရေး၊သာရေး၊နာရေးသက်ဆိုင်သော အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍမှာလည်း အမျိုးသားများနှင့်တန်းတူ တာဝန်ယူကြရပါသည်။ သို့သော် အမျိုးသမီး များ၏နေ့ထွက်လုပ်အားခမှာ လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း လုပ်အားခရရှိပုံမှာ အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အလွန်လျော့နည်းပြီးရရှိကြပါသည်။ ပညာပေးအစီအစဉ်များ၊ ဟောပြောပွဲများ ပြုလုပ်ပေးနိုင်ပါက ကျား/မရေးရာဆက်နွယ်မှု ကိစ္စများတွင် ယခုထက်ပိုမို၍ အထောက်အပံ့ကောင်းများ ဖြစ်လာ နိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့(၅)ဖွဲ့၊ မြို့နယ်မှဖွဲ့စည်းထားသောငွေကြေးဝန် ဆောင်မှုအဖွဲ့(၂)ဖွဲ့တို့ရှိပါသည်။ ယင်းကျေးရွာအခြေပြုအဖွဲ့ (၅)ဖွဲ့မှာ ကျန်းမာရေး၊ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ပညာရေးအဖွဲ့တို့ဖြစ်ပါသည်။ ငွေကြေးဝန်ဆောင်မှုအဖွဲ့မှာ မဟာသြဘာ၊ စိုက်သမနှင့်မွေးသမတို့ဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်သော "မြတ်ပါရမီကျန်းမာရေးကူညီမှုအသင်း"အား ကျေးရွာသူ/ကျေးရွာသားနှင့်ဖွဲ့စည်းထားပြီး အနီးပတ် ဝန်းကျင်ရွာရှိ ဒေသန္တရကျေးလက်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ အခြေခံကျန်းမာရေးစောင့် ရှောက်မှုများကို လှုပ်ရှားဆောင်ရွက်လျှက်ရှိပါသည်။

ဘာသာရေးနှင့်ပတ်သတ်၍ "ဓမ္မစကူးသင်တန်း" များအားအခါအားလျော်စွာ ဖွင့်လှစ် ဆောင်ရွက်လျှက်ရှိပါသည်။ ရွာ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး "အုပ်ချုပ်ရေးနှင့် အရန်မီးသတ်" အဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ငွေကြေးဝန်ဆောင်မှုနှင့်ပတ်သက်ပြီး မဟာသြဘာနှင့် စိုက်မွေး/ သမအဖွဲ့မှာစိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများတွင် အတိုးနှုန်းသက်သာသောချေးငွေဖြင့် ငွေစု ငွေချေးလုပ်ငန်းကို လည်ပတ်အောင် ဆောင်ရွက် လျှက်ရှိပါသည်။ စာပေဗဟုသုတနှင့် ပတ်သက်၍

ရွာတွင် စာကြည့်တိုက်အသင်းကိုထူထောင်ထားပြီး မြို့နှင့် အလှမ်းဝေးကွာခြင်းမရှိသောကြောင့် နေ့စဉ်ထုတ်သတင်းစာ၊ဂျာနယ်၊ စာစောင်များအား နေ့စဉ်ဝယ်ယူ ဖတ်ရှုနိုင်ပါသည်။

**(ခ)	သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့်မတ်ပဲကို အဓိကထား စိုက်ပျိုးကြပါသည်။ စပါးကို မိုးရာသီတွင်စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲအား အဓိကထားစိုက်ပျိုးကြပါသည်။ လယ်ယာမြေဧကမှာ (၉၇၁.၈)ရှိပြီး ဥယျာဉ်ခြံမြေနှင့် ကိုင်းကျွန်း စိုက်ပျိုးနိုင်သော မြေဧကမှာ (၁၇၇.၃) ရှိပါသည်။ မိုးစပါးတစ်ဧကပျမ်းမျှ အထွက်မှာ(၇၀)တင်း၊ မတ်ပဲတစ်ဧကပျမ်းမျှအထွက်(၁၁)တင်း နှုန်းထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုမှာ နည်းပါးပြီး ပြင်ပ စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် နည်းပညာနှင့် ဝန်ဆောင်မှုများပေးကြသည်။ လယ်ယာမြေစိုက်ပျိုးဧကများပြားပြီး အလုပ်သမားရှားပါးနှင့် ငှားရမ်းခကြီးမြင့်မှုတို့ကြောင့် ကုန်ကျစရိတ်မြင့်မားရပါသည်။ စပါးဖျက်ပိုးကျရောက်မှုနည်းပါးပြီး မတ်ပဲစိုက်ခင်းများတွင်သာ ဖျက်ပိုးပိုမိုကျရောက်လေ့ရှိပါသည်။

ယခုအခါ ပြင်ပကုမ္ပဏီများမှလာရောက်၍ ဖျက်ပိုးနှိမ်နင်းရေးနည်းပညာနှင့် ဆေးဝါးတို့အား သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါသည်။ ကျေးရွာတွင် တပိုင်တနိုင် မွေးမြူရေး အနေဖြင့် နွား၊ ဝက်၊ကြက်နှင့် ဘဲ များမွေးမြူကြပါသည်။ နွားနှင့် ဝက်မှာ တရွာလုံးအတိုင်းအတာနှင့် မွေးမြူ၍ အဆင်ပြေသော်လည်း ကြက်နှင့် ဘဲ မွေးမြူရေးတွင်မူ ရာသီအလိုက် တရိစ္ဆာန်ရောဂါများ အထူးသဖြင့် (ကြက်နာ) ရောဂါအဖြစ်များပြီး အရှုံးမတိုင်ခင်သေဆုံးမှုများ ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်ခြင်း၊ ကျေးရွာများ များပြားခြင်းတို့ကြောင့် ဝန်ဆောင်မှုရရှိနိုင်ရန် အလွန်နည်းပါးပါသည်။မွေးမြူရေးနှင့်ပတ်သက်၍ ချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် မွေး/ကုဦးစီးဌာနတွင် ချေးယူရရှိနိုင်သော်လည်း မွေးမြူရေးပိုင်းဆိုင်ရာ အဟန့်အတားများစွာ ရှိနေပါသည်။ မြေနေရာ အခက်အခဲကြောင့် ကျေးရွာတွင် ငါးကန်(၂)ကန်သာရှိပြီး ငါးသားပေါက်များအား ငါးလုပ်ငန်းဦးစီးဌာနတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း စီးပွားဖြစ် မွေးမြူနိုင်ခြင်းမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းနှင့် ပါတ်သတ်ပြီး ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင်ခြင်း မရှိသေးပါ။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများမှာ ဆိုင်ကယ် ကယ်ရီပို့ဆောင်ရေးလုပ်ငန်း၊ ဈေးရောင်း(အိမ်ဆိုင်)၊ အခြားဒေသသို့သွားရောက်၍ ရော်ဘာစေးခြစ်လုပ်ငန်းတို့ လုပ်ကိုင်ကြပါသည်။ လက်သမား၊ ပန်းရံ၊ ဆန်စက်၊ ပဲလှော်ဖို တို့တွင်လည်း လုပ်ကိုင်ကြပါသည်။ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ တနေ့လုပ်အားခ ၈၀၀၀ မှ ၁၀၀၀၀ ထိ ရရှိကြပါသည်။ ကျေးရွာတွင် စပါးနှင့်မတ်ပဲကို အဓိကထား စိုက်ပျိုးကြပြီး စပါးရိတ်သိမ်းမှု ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း၍ လုပ်ကိုင်ကြပြီး ရိတ်သိမ်း

ခြွေလှေ့စက်များ ငှားရမ်းလုပ်ကိုင်လာခဲ့ခြင်းကြောင့် စပါး ရိတ်သိမ်းချိန်တွင် အလုပ်အကိုင် အလွန်ရှားပါးပါသည်။ ဆောင်းသီးနှံမတ်ပဲနှုတ်ချိန်တွင်သာ အလုပ်အကိုင် အသင့်အတင့် ပြန်လည်ရရှိကြပြီး နေ့တွက်လုပ်အားခ တစ်ဧကေ (၃၀၀၀၀ မှ ၄၀၀၀၀) အထိ ရရှိကြကာ စားဝတ်နေရေး အဆင်ပြေကြပါသည်။ ငွေကြေးတတ်နိုင်သော အိမ်ထောင်စုအချို့သာ မြို့ပေါ်ရှိ စက်ချုပ်သင်တန်း၊ အလှပြင်သင်တန်း၊ စက်ပြင်သင်တန်းများသို့ ပို့လွှတ်ကာ ပညာသင်ကြားကြပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်နေသော်လည်း အချို့အိမ်ထောင်စုများမှာ ငွေကြေးအခက်အခဲကြောင့် လက်လှမ်းမှီနိုင်မှု နည်းပါးကြပါသည်။ ဤအစီအစဉ်၏ နှစ်အလိုက် ဦးစားပေးစီမံချက်တွင်လည်း ထည့်သွင်းလျာထားပြီးဖြစ်သောကြောင့် နောင်လာမည့် နှစ်များတွင် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာကာ မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်ပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့်မတ်ပဲစိုက်ခင်းများတွင် နှစ်စဉ်ဖျက်ပိုးများ ကျရောက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာများ အသုံးပြုရခြင်း၊ ဆေးဝါးပစ္စည်းများအား လယ်ကွက်အတွင်းသို့ယူဆောင် လာကြခြင်း၊ ဆေးဖျော်စပ်ခြင်း၊ ဘက်စုံသုံး ပိုးမွှားနှိမ်နင်းရေး စနစ်အစား ဓါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုလာကြခြင်း၊ အသုံးပြုပြီးသောအမှိုက် ၊ ပလပ်စတစ်အိတ်၊ ဗူးခွံ၊ ပုလင်း၊ မြေဩဇာခွံအိတ် စသည်တို့အား စနစ်တကျစွန့်ပစ်မှုမရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် မြေဆီဩဇာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ် လာရပါသည်။ သက်ဆိုင်ရာမှ စွန့်ပစ်အမှိုက်များ စနစ်တကျ စီမံခန့်ခွဲနိုင်အောင် အသိပညာပေးခြင်း အစီအစဉ်များ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။ အခါအားလျှော်စွာ ရေကြီးပြီး ရွှံ့နွံများ ဖုံးလွှမ်းမှုကလည်း မြေဆီဩဇာနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ကြုံတွေ့နေရဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော တစ်ဧကတစ်သိန်းခွဲနှုန်းဖြင့် (၁၀)ဧကအထိ ချေးယူနိုင်ပါသည်။ ၎င်းချေးငွေအား လယ်သမား (၁၀၀)ဝန်းကျင်မှ နှစ်စဉ် သိန်း ၁၂၀၀ ခန့် ချေးယူကြပြီး ကာလလတ် ချေးငွေဖြစ်ပါသည်။ ပြင်ပငွေကြေး ဝန်ဆောင်မှု အဖွဲ့များမှာလည်း တစ်အိမ်ထောင်လျှင် ၂ သိန်းဖြင့် ချေးယူနိုင်ကြပြီး ၅ ဦးအဖွဲ့ ဝိုင်းကြီးချုပ်စနစ်ဖြင့် စည်းကမ်းပိုင်းတွင် တင်းကျပ်ထားပါသည်။ ကိုရီးယားချေးငွေ ဝန်ဆောင်မှုအဖွဲ့မှ ချေးငွေသည် ကာလတိုချေးငွေဖြစ်ပြီး ၂ သိန်းထိ ချေးယူနိုင်ပါသည်။ ၎င်းချေးငွေအား ၁ ပတ်လျှင် ၄၆၀၀ နှုန်းဖြင့် အကြိမ် ၅၀ ပြန်ဆပ်ရပါသည်။ အကြိမ် ၂၀ ပြည့်ပါက နောက်ထပ် ထပ်ဆောင်းငွေ ၁၀၀၀၀၀ ပြန်လည် ထုတ်ချေးပေးပါသည်။ ၎င်းငွေအား အမျိုးသမီးများသာ ချေးယူ၍ရပြီး ကျေးရွာရှိ အမျိုးသမီး ၁၅၀ အား သိန်း ၃၀၀ ထုတ်ချေးပေးထားပါသည်။ ချေးယူရရှိသောငွေများအား လယ်ယာလုပ်ငန်းတွင်လည်းကောင်း စားဝတ်နေရေး

တွင်လည်းကောင်း၊ ကျန်းမာရေးနှင့်ပညာရေးတွင်လည်းကောင်းအသုံးပြုကြပြီး ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ စီးပွားရေးအဆင့်သတ်မှတ်ချက် (၃ နှင့် ၄) တို့အား လေ့လာဆန်းစစ်ချက်အရ တစ်အိမ်ထောင်လျှင် အကြွေးတင်ရှိမှုပမာဏမှာ ကျပ် ၁၀၀၀၀၀ မှ ၃၀၀၀၀၀ အထိ ရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပညာရေးပိုင်းတွင် ကျေးရွာ၏ စာသင်ကျောင်းမှာ အထက်တန်းကျောင်း (ခွဲ) အဆင့်ဖြစ်ပြီး RC ကွန်ကရိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)မှာ ၃.၁၆ ဧက ကျယ်ဝန်းပြီး ကျောင်းသား/သူများ အေးချမ်းစွာ ပညာ သင်ကြားနိုင်ပါသည်။ အနီးပတ်ဝန်းကျင် ရွာမှ ကလေးများလည်း လာရောက်၍ ပညာသင်ကြားကြပါသည်။ ရွာသူ/သားအများစုသည် အရေးအဖတ်ကို ကျွမ်းကျင်ကြပြီး သက်ကြီးရွယ်အို အများစုသာ ပညာရေးပိုင်းတွင် အနည်းငယ် နိမ့်ပါးကြပါသည်။ ကျွမ်းကျင်ပိုင်နိုင်သော ဆရာ/မ များ၏ သင်ကြားပို့ချမှုကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများ၏ အောင်ချက်ရာခိုင်နှုန်းမှာလည်း မြင့်မားကြောင်း တွေ့ရှိရပါသည်။ သို့သော် ကျောင်းသားဦးရေ များပြားခြင်း၊ နိုင်ငံတော်မှ စာရေးကရိယာနှင့် ကျောင်းသုံး ဗလာစာအုပ်၊ ပြဋ္ဌာန်းစာအုပ်များအား အခမဲ့ ထောက်ပံ့ပေးသော်လည်း ကျောင်းသားဦးရေများပြားခြင်းတို့ကြောင့် အနည်းငယ်သာ လုံလောက်မှုရှိပါသည်။ ကျောင်းအားလပ်ချိန်များတွင် ကလေးများ အနားယူ အပန်းဖြေနိုင်စေရန် အားကစားကွင်း၊ ပန်းခြံ၊ ကျောင်းသုံးပရိဘောဂပစ္စည်းများမှာလည်း လိုအပ်နေဆဲ ဖြစ်ပါသည်။ ကျောင်းတွင် လက်ရှိကျောင်းသား/သူဦးရေမှာ ၂၃၈ ဦးပညာသင်ကြားနေပြီး ကျောင်းအုပ်ဆရာကြီး ၁ ဦး၊ ဆရာ/မ ၂၂ ဦးရှိပါသည်။ ဆရာနှင့် ကျောင်းသားအချိုးမှာ ၁၁:၁ ရှိခြင်းကြောင့် လုံလောက်မှုရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိသေးပါ။ ဆေးခန်းဆောက်လုပ်ရန် မြေနေရာမှာ သတ်မှတ်ထားပြီး ကျေးရွာ၏ နှစ်အလိုက်ဦးစားပေးစီမံချက်တွင်လည်း ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ရန်ပုံငွေရရှိမှုနှင့် ကျေးရွာ၏ ထည့်ဝင်နိုင်မှုတို့အပေါ်မူတည်၍ ကျန်းမာရေးဆရာမနှင့် ဆေးပေးခန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သောက်သုံးရေအတွက် မြေအောက်ရေကိုသာ အဓိကထား သုံးစွဲကြပြီး လက်နှိပ်တုံကင်ဖြင့်သာ အသုံးပြုပါသည်။ ရေကိုကျိုချက်၍ သောက်သုံးကြသောကြောင့် ရေနှင့်ပတ်သက်သော ရောဂါများ ရံဖန်ရံခါတွင်သာ ဖြစ်ပွားလေ့ရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြခြင်း၊ ရေထွက်ပေါက်ရင်းနှင့် အလှမ်းဝေးကွာစွာ ဆောက်လုပ်ထားခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောနှင့် အခြားရောဂါများ ဖြစ်ပွားလေ့မရှိပါ။ စာသင်ကျောင်းတွင်လည်း အိမ်သာကို စနစ်တကျ ဆောက်လုပ်ထားခြင်းကြောင့် ကျောင်းသား/သူများအတွက် အသုံးပြုရလွယ်ကူပြီး ကျန်းမာရေးရှုထောင့်အရ ညီညွတ်မျှတမှု ရှိပါသည်။

### (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အနားယူ အပန်းဖြေနိုင်မည့် နေရာသီးသန့်မရှိပါ။ ရွာ၏ လူမှုရေးလုပ်ငန်း၊ သာရေး၊ နာရေး၊ ဘာသာရေးပွဲတော်များတွင် ရပ်ရွာအကြီးအကဲ၊ အုပ်ချုပ်သူ ခေါင်းဆောင်တို့၏ လမ်းညွှန်မှုအောက်တွင် စည်းစည်းလုံးလုံးနှင့် တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြပါသည်။ အခါကြီးရက်ကြီးနေ့ထူးနေ့မြတ်များတွင် ရွာ၏အနီးနားပတ်ဝန်းကျင်တွင်ရှိသော သက်ကြီးရွယ်အို မသန်စွမ်း ပုဂ္ဂိုလ်များအား သက်ကြီးပူဇော်ပွဲများ ပြုလုပ်ပေးခြင်း၊ လက်သည်း ခြေသည်းများ ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်းများ ပြုလုပ်ပေးကာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် ကြပါသည်။ ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဦးဆောင်ကာ ဆောင်ရွက် ကြပါသည်။

### (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် တလုတ္တော် – လေးမျက်နှာ ကားလမ်းမဘေးတွင် တည်ရှိပြီး ရွာအဝင်လမ်းမှာ (၆)ဖာလုံခန့် ရှိပါသည်။ လမ်းအမျိုးအစားမှာ ချောင်းကျောက်လမ်းဖြစ်ပြီး စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီ ယာဉ်များ နွေမိုးဆောင်း သွားလာရ အဆင်ပြေပါသည်။ ကွန်ကရီလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ လမ်းအဆင့်သတ်မှတ်ချက် (Class–A)စာရင်းတွင် ထည့်သွင်းလျာထားပြီး ဌာန၏ ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဟု သိရှိရပါသည်။ ကျေးရွာသည် ကုန်းလမ်းခရီးကို အဓိကထား အသုံးပြုပြီး စက်ဘီး (၁၃၈)စီး၊ ဆိုင်ကယ် (၁၆)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး၊ ထော်လာဂျီ (၁၀)စီး၊ ကား (၂)စီး တို့ဖြင့် အသုံးပြုလျက်ရှိပါသည်။

ကျေးရွာတွင် နိုင်ငံတော်မှ လျှပ်စစ်ဓါတ်အား ရယူသုံးစွဲနိုင်ခြင်း မရှိသေးပါ။ ကျေးရွာ၏ အိမ်ထောင်စု တစ်ဝက်ခန့်သာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို ကိုယ်ထူကိုယ်ထ တပ်ဆင်အသုံးပြုကြပါသည်။ ကျေးရွာသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်ထားသော မီးသွယ်တန်းခြင်းမူဝါဒအရ ကိုက်ညီခြင်း၊ တလုတ္တော်– လေးမျက်နှာ ဆက်သွယ်သော ကားလမ်းဘေးတွင် သွယ်တန်းထားသော 11 KVA ဓါတ်အားလိုင်းနှင့် (၆)ဖာလုံခန့်တွင် တည်ရှိသောကြောင့် ပထမ ဦးစားပေး (၅)နှစ်စီမံကိန်းတွင် လျှပ်စစ်မီး ရရှိအောင် သက်ဆိုင်ရာဌာနများသို့ တင်ပြဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကျောင်းသား/သူများ၏ ပညာရေးတွင်လည်း အထောက်အပံ့ ကောင်းများဖြစ်လာနိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။ ကျေးရွာ၏ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်မှာ ရံဖန်ရံခါတွင်သာ ကောင်းမွန်ပြီး အင်တာနက်လိုင်း ချိတ်ဆက်အသုံးပြုနိုင်မှု အနည်းငယ်သာရှိသောကြောင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သောသတင်းများ ထုတ်ပြန်ရာတွင်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာသတင်းများနှင့် အခြားလူမှုရေး၊ နိုင်ငံရေး သတင်းများအား အချိန်နှင့်တပြေးညီ သိရှိနိုင်ရန် အလွန်ခက်ခဲပါသည်။ ထို့ကြောင့် ကောင်းမွန်သော ဆက်သွယ်ရေး စနစ်ရရှိအသုံးပြုနိုင်ရေးကိုလည်း နှစ်အလိုက်ဦးစားပေးစီမံချက် စာရင်းတွင် ထည့်သွင်းလျာထားပြီး သက်ဆိုင်ရာဌာန၊ ကုမ္ပဏီများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျွန်ုပ်တို့ကျေးရွာသည် ရပ်မိ/ဖ ရပ်ရွာအုပ်ချုပ်ရေးမှူးတို့၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့ကြောင့် တည်ငြိမ်အေးချမ်းပြီး ရာဇဝတ်မှုခင်းများ ဖြစ်ပွားမှု မရှိသလောက် နည်းပါးပါသည်။ ကျေးရွာရှိ လူငယ်များနှင့် ကိုယ်ထူကိုယ်ထ ဖွဲ့စည်းထားသော အုပ်ချုပ်ရေးနှင့် မီးသတ်အဖွဲ့သည် ရပ်ရွာ၏ လုံခြုံရေးနှင့် ကာကွယ်ရေးအပိုင်းကို နေ့စဉ်မပြတ် အပြည့်အဝ တာဝန်ယူကာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ရွာအတွင်းသို့ ပြင်ပမှ လူစိမ်းများဝင်ရောက်မှုမရှိစေရန် ပုံမှန်ညွှေစာရင်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ လှည့်ကင်း ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးပါသည်။ ကျေးရွာသည် လေးမျက်နှာမြို့နှင့် တလုတ္တော် တိုက်နယ် ကြားတွင် တည်ရှိခြင်းကြောင့် ရဲစခန်း၊ မြို့နယ်အုပ်ချုပ်ရေးရုံးတို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာ ချိတ်ဆက်နိုင်ပြီး မှုခင်းဖြစ်ပွားနိုင်ခြေများအား ကြိုတင်ကာကွယ် တားဆီးနိုင်ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် ကျောင်းသား/သူများ ပညာသင်ကြားရန်အတွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိခြင်း ဟင်္သာတ–တလုတ္တော်–လေးမျက်နှာဆက်သွယ်သော ကားလမ်းဘေးတွင် တည်ရှိသောကြောင့် မြို့ပေါ်သို့ တစ်နှစ်ပတ်လုံး ဆက်သွယ်သွားလာရလွယ်ကူပါသည်။ အရေးကြီးလိုအပ်သော လယ်ယာသုံးစိုက်ပျိုးရေးပစ္စည်း၊ အိမ်သုံးပစ္စည်းများမှာလည်း ဟင်္သာတမြို့ပေါ်သို့ အလွယ်တကူသွားရောက်ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် လျှပ်စစ်ဓါတ်အားကို ရယူသုံးစွဲနိုင်ခြင်း မရှိသေးသောကြောင့် စက်မှုထုတ်ကုန်လုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုနိုင်ခြင်းမရှိပါ။ ထင်း၊ မီးသွေးတို့ဖြင့် ချက်ပြုတ်ရခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောပြုန်းတီးမှုတို့ ဖြစ်ပေါ်လာနေရပါသည်။ ကျောင်းသား/သူများအတွက် ပညာရေး၊ စာပေ၊ ဗဟုသုတ၊ လူနေမှု အဆင့်အတန်းတို့တွင် များစွာထိခိုက်နစ်နာရပါသည်။ ရွာသူ/သားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး အိမ်ထောင်စုစာရင်း ကောက်ယူခြင်းမှ ရရှိသော ကိန်းဂဏန်း အချက်အလက်များအရ ၁၅ နှစ် အထက်မှ ၆၄ နှစ်အထိလူဦးရေအားလုံး၏ ၈၀%မှာ အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်ကြပါသည်။ သာမန်ဆေးဝါးကုသမှု ခံယူရန်အတွက် တလုတ္တော် တိုက်နယ် ဆေးရုံသို့ သွားရောက်ကြပြီး အရေးပေါ်ကုသမှု ခံယူရန် လိုအပ်ပါက ဟင်္သာတမြို့ပေါ်ရှိ မြို့နယ်ဆေးရုံ၊ ဆေးခန်း၊ ပုဂ္ဂလိကဆေးရုံများသို့ သွားရောက်၍ ဆေးဝါးကုသမှု ခံယူကြပါသည်။ တစ်နှစ်ပတ်လုံးမိုးရွာသွန်းမှုမှာ အတန်အသင့်ကောင်းမွန်ပြီး မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရန် အလွန်ကောင်းမွန်ပါသည်။ မွေးမြူရေးတွင် နွား၊ ကြက်၊ ဝက် ၊ ဘဲ များ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ရွာလုံးအတိုင်းအတာဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း နွားနှင့် ဝက် မှာ မွေးမြူ၍ အဆင်ပြေပါသည်။ ကြက် နှင့် ဘဲ မှာ ရာသီအလိုက် တရိစ္ဆာန် ရောဂါများ ကျရောက်ပြီးရင်းနှီးထားမှုများ ဆုံးရှုံးရပါသည်။ မွေးမြူရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဌာနများမှာလည်း အသိပညာပေးမှု နည်းပါးပြီး ဝန်ထမ်းမလုံလောက်မှုတို့ကြောင့် အချိန်မီရောဂါ မထိန်းချုပ်နိုင်ပါ။ စိုက်ပျိုးရေး ကဏ္ဍတွင် လယ်ယာမြေအနေအထားမှာ အသင့်အတင့်သာ ကောင်းမွန်ပြီး မြေဆီသြဇာညံ့ဖျင်းမှုတို့ကြောင့် စပါးနှင့် မတ်ပဲ အထက်နှုန်းမှာ နည်းပါးရပါသည်။ ရံဖန်ရံခါ ဖျက်ပိုးများ ကျရောက်ပြီး စိုက်ပျိုးထားသော သီးနှံများ ဆုံးရှုံးရပါသည်။ ဘဏ်နှင့် ပုဂ္ဂလိက ငွေကြေးဝန်ဆောင်မှု အဖွဲ့များမှ စိုက်ပျိုးစရိတ်ချေးငွေကို အလွယ်တကူချေးယူရရှိနိုင်သော်လည်း စပါးကို တစ်ရာသီသာ စိုက်ပျိုးရခြင်းကြောင့် ချေးငွေအချိန်မီ ပြန်လည်ပေးသွင်းနိုင်ရန် အခက်အခဲများစွာရှိနေပါသည်။ ဆောင်းသီးနှံအဖြစ် မတ်ပဲကို စိုက်ပျိုးကြသော်လည်း ယခုနှစ်များတွင် ဝယ်လိုအားလျော့နည်းပြီး ဈေးကောင်း မရသဖြင့် အရှုံးဖြစ်ပေါ်ရပါသည်။ လျှပ်စစ်မီးရယူသုံးစွဲနိုင်ခြင်း မရှိခြင်းကလည်း စက်မှုလုပ်ငန်းနှင့် အခြားဖွံ့ဖြိုးမှုများကို နောက်ကျစေနိုင်သော အဟန့်အတားများပင်ဖြစ်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းအား အဆင့်မြှင့်တင်ခြင်းဖြင့် ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး နှင့် လူမှုရေးလုပ်ငန်းများတိုးတက်လာကာ ကျေးရွာ၏ လူနေမှု အဆင့်အတန်း တိုးတက်လာမည် ဖြစ်ပါသည်။

(က.၂)ကျွန်ုပ်တို့ရွာလူထုသည် ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းဖြင့် ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာမည် ဖြစ်ပါသည်။

(က.၃)ကျွန်ုပ်တို့ရွာလူထုသည် ဖုန်းတာဝါတိုင်များ တည်ဆောက်ခြင်းဖြင့် ကျေးရွာ၏ သတင်းအချက်အလက်နှင့် လူမှုရေး၊ စီးပွားရေး ကဏ္ဍများ တိုးတက် ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

(က.၄)ကျွန်ုပ်တို့ ရွာလူထုသည် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁)ကျွန်ုပ်တို့သည့် ကျေးရွာလူထု၏ သဘောတူညီချက်ဖြင့် ချမှတ်ထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များအား သက်ဆိုင်ရာဦးစီးဌာနများ၊ အလှူရှင်များ၊ ကျေးရွာလူထု၏ပြည်သူထည့်ဝင်ငွေ/လုပ်အားတို့နှင့် ပေါင်းစပ်ညှိနှိုင်းကာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကိုမိုးရာသီတွင်စိုက်ပျိုးပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲကို စိုက်ပျိုးသည်။ နှစ်စဉ်သီးနှံဖျက်ပိုးများကျရောက်ပြီး စိုက်ပျိုးထားသောသီးနှံများ ဆုံးရှုံးရပါသည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် ထိရောက်သောနည်းစနစ်များရရှိရေးလိုအပ်ပါသည်။ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းမလုံလောက်မှုတို့ကြောင့် ပုဂ္ဂိုလ်ကစိုက်ပျိုးရေးအရောင်းဆိုင်၊ ကုမ္ပဏီများအား ငွေကြေးဝန်ဆောင်မှုတို့ဖြင့် ငှားရမ်းကာ နည်းအကြံပေးမှု များရယူကြရပါသည်။ ငှားရမ်းစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးကျရောက်မှုတို့ကြောင့် သီးနှံအထွက်နှုန်းနည်းပါးပြီး ဝင်ငွေလျော့နည်းရပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများမှ ဝန်ဆောင်မှုများကို တောင်သူလယ်သမားများအနေဖြင့် အထိုက်အလျောက်ရရှိကြပါသည်။ သို့သော်ကန့်သတ်ချက်များရှိနေဆဲဖြစ်ပါသည်။(ဥပမာ- စားကျက်မြေအမျိုးအစားအတွက် ချေးငွေမရရှိခြင်းများ)၊ ကာလတိုချေးငွေဝန်ဆောင်မှုကို ရရှိကြသော်လည်း ပိုးမွှားအန္တရာယ်ကျရောက်မှုတို့ကြောင့် သတ်မှတ်ငွေကြေးအတိုင်းအတာ မပြည့်မီခြင်းတို့ကြောင့် အချိန်မီပြန်လည်ပေးဆပ်ရန် အခက်အခဲများ ရှိပါသည်။ ထို့ကြောင့်အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေးစနစ်တစ်ရပ်အား သက်ဆိုင်ရာအစိုးရမှ ဖော်ဆောင်ပေးရန် လိုအပ်နေပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာရှိလူငယ်များအတွက် အသေးစားအိမ်တွင်းစက်မှုလက်မှုအလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာနိုင်ရန် အလားအလာရှိနေသော်လည်း နိုင်ငံတော်မှလျှပ်စစ်ဓါတ်အားကို ရယူသုံးစွဲနိုင်ခြင်း မရှိသေးသောကြောင့် ဖွံ့ဖြိုးမှုနောက်ကျရခြင်းဖြစ်ပါသည်။ ထို့ကြောင့်လုပ်ငန်းများဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊သတင်းအချက်အလက်များအား လက်လှမ်းမီမှုတွင် အားနည်းပါသည်။

## (င) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများမှဝန်ဆောင်မှုများကိုတောင်သူလယ်သမားများအနေဖြင့်အထိုက်အလျောက်ရရှိကြပါသည်။ သို့သော်ကန့်သတ်ချက်များရှိနေဆဲဖြစ်ပါသည်။(ဥပမာ- ကျက်စားမြေအမျိုးအစားအတွက်ချေးငွေမရရှိခြင်းများ)၊ကာလတိုချေးငွေဝန်ဆောင်မှုကို ရရှိကြသော်လည်း ပိုးမွှားအန္တရာယ်ကျရောက်မှုတို့ကြောင့် သတ်မှတ်ငွေကြေးအတိုင်းအတာ မပြည့်မီခြင်းတို့ကြောင့် အချိန်မှီပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိပါသည်။ ထိုကြောင့်အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေစနစ်တစ်ရပ် သက်ဆိုင်ရာအစိုးရမှ ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် လူငယ်များအတွက် အသေးစားအိမ်တွင်းစက်မှုလက်မှုအလုပ်အကိုင် အခွင့်အလမ်းများဖွံ့ဖြိုးလာနိုင်ရန် အလားအလာရှိနေသော်လည်း နိုင်ငံတော်မှလျှပ်စစ်ဓါတ်အားကို ရယူသုံးစွဲနိုင်ခြင်းမရှိသေးသောကြောင့် ဖွံ့ဖြိုးမှုနောက်ကျရခြင်းဖြစ်ပါသည်။ ထို့ကြောင့်လုပ်ငန်းများဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှု /လက်မှုနှင့် ရပ်ရွာအကျိုးပြုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုအဖွဲ့တစ်ဖွဲ့ ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် နည်းပညာအကြံပေးအဖွဲ့နှင့် ကျွမ်းကျင်ဝန်ထမ်းများပါရှိရန် လိုအပ်မည်ဖြစ်ပြီး ရန်ပုံငွေအလုံအလောက်ထောက်ပံ့ပေးရန် လိုအပ်ပါသည်။

## (င) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာသည် မြို့နှင့်အထိုက်အလျောက်ဝေးကွာခြင်းကြောင့် စိုက်ပျိုးရေးပစ္စည်းသော်လည်းကောင်း၊ အိမ်သုံးပစ္စည်းသော်လည်းကောင်း၊ မြို့ပေါ်သို့သွားရောက်ဝယ်ယူရခြင်းကြောင့် ရံဖန်ရံခါတွင် ယာဉ်အန္တရာယ် များနှင့်ကြုံတွေ့ရတက်ပြီး အသက်ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ရပါသည်။ ထို့ကြောင့် ရေသန့်ရှင်းရေး၊ လမ်း၊ မိလ္လာစနစ်၊ မီးအန္တရာယ်တို့ပါ ထည့်တွက်၍ ရွာခွဲအင်္ဂါရပ်တို့နှင့်ညီညွတ်သောဆိုင်ခန်း(၅ဝ)-(၆ဝ)ပါရှိသော သား၊ငါး၊ဟင်းသီးဟင်းရွက်၊ကုန်မျိုးစုံတို့ ရောင်းချနိုင်သော ကျေးလက်ဈေးတစ်ခု ဆောက်လုပ်ပေးမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်နှင့်အချိန်ကာလတို့ကို မဟာဗျူဟာမြောက်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ထို့ကြောင့်ချမှတ်ထားသော စီမံချက်များကို ငါးနှစ်တာကာလအတွင်း အပြီးဆောင်ရွက်နိုင်အောင် ကျေးရွာလူထုမှကိုယ်စွမ်း၊ဉာဏ်စွမ်း စိုက်ထုတ်ပြီး သက်ဆိုင်ရာဌာနများမှလည်း ရန်ပုံငွေရရှိအောင် ဆောင်ရွက်ပေးနိုင်မှသာ ပန်းတိုင်သို့ အောင်မြင်အောင်ရောက်ရှိမည်ဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ယခုရေးဆွဲထားသော ငါးနှစ်တာကာလအတွင်း စီမံကိန်းများအား အချိန်ကာလတစ်ခုအတွင်း ချမှတ်အကောင်အထည်ဖော်ဆောင်ထားသည့် စီမံချက်များဖြစ်သည့်အတွက် ကျေးရွာ၏ လိုအပ်ချက်များ အမှန်တကယ်ပြီးပြည့်စုံရန် ခက်ခဲပါသည်။ ထိုကြောင့်ကျေးရွာလူထုမှ စီမံချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြင်ဆင်ရန် လိုအပ်မည့်လုပ်ငန်းများအား အချိန်မီပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြင်ဆင်ရန်လိုအပ်မည့်လုပ်ငန်းများအား အချိန်မီပြန်လည်ရေးဆွဲရန် စီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။

### (ခ)ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းအမျိုးအစားကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functionalclassification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များကိုနှစ်အလိုက်ဦးစားပေးစီမံချက်အစီအစဉ်တွင် ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ ဦးစားပေးစီမံကိန်းများကို အမှတ်ပေးခွဲခြားခြင်းစနစ်ဖြင့် စီမံချက်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများရရှိရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ ရွာတွင်းလမ်းအား ချောင်းကျောက် ခင်းခြင်း | ၉၇ | ၁ | – ရွာတွင်းလမ်းချောင်းကျောက်ခြင်းခြင်း (၄၁၀၀') | ကျေးလက် ဦးစီး |
| *မီးလင်းရေး* | | | | | |
| | ၂။ လျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း | ၈၄ | ၂ | – ကျေးရွာ၏ လူနေမှုဘဝ အဆင့်မြှင့်တင်ရန်။ | |
| *စိုက်ပျိုးရေး* | | | | | |
| | ၃။ ဆေးပေးခန်းတည်ဆောက်ခြင်း | ၇၇ | ၃ | – ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍ တိုးတက်လာစေရန်။ | – |
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၄။ ချဉ်းကပ်လမ်းအား ကွန်ကရိလမ်း အဆင့် မြှင့်တင်ခြင်း၊ | ၆၉ | ၄ | – ချဉ်းကပ်လမ်း (၆)ဖာလုံ။ | |
| *စိုက်ပျိုးရေး* | | | | | |
| | ၅။ ကေကွက်တည်ဆောက်ခြင်း | ၅၈ | ၅ | –ကျေးရွာ၏ စိုက်ပျိုးရေး ကဏ္ဍတိုးတက်လာစေရန်။ | |

| | | | | | |
|---|---|---|---|---|---|
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၆။ တာဝါတိုင်များ တည်ဆောက်ခြင်း | ၅၃ | ၆ | – ကျေးရွာ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန်။ | |
| | ၇။အားကစားကွင်းတည်ဆောက်ခြင်း | ၅၂ | ၇ | – ကျေးရွာလူငယ်များ အားကစား ထူးချွန်လာစေရန်။ | – |
| *မွေးမြူရေး* | | | | | |
| | ၈။ကျေးလက်ဈေးတည်ဆောက်ခြင်း | ၃၈ | ၈ | – ကျေးရွာ၏ သားငါး ကဏ္ဍ ဖွံ့ဖြိုးလာစေရန်။ | |
| *စီးပွားရေး* | | | | | |
| | ၉။ အတိုးနှုန်းသက်သာသော ငွေစု/ငွေချေး အဖွဲ့များနှင့် ချိတ်ဆက်ခြင်း | ၃၆ | ၉ | – ကျေးရွာ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန်။ | |
| | ၁၀။ အသက်မွေးဝမ်းကြောင်း သင်တန်းများ ဖွင့်လှစ်ခြင်း။ | ၂၁ | ၁၀ | – ကျေးရွာ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန်။ | |

**အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကိုနှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်းအား ချောင်းကျောက်ခင်းခြင်း | ၁ | ✔ | | | | |
| ၂။ လျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃။ ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | | ✔ | | | |
| ၄။ ချဉ်းကပ်လမ်းအား ကွန်ကရိလမ်း အဆင့်မြှင့်တင်ခြင်း၊ | ၄ | | ✔ | | | |
| ၅။ ကေကွက်တည်ဆောက်ခြင်း | ၅ | | | ✔ | | |
| ၆။ တာဝါတိုင်များ တည်ဆောက်ခြင်း | ၆ | | | ✔ | | |
| ၇။အားကစားကွင်းတည်ဆောက်ခြင်း | ၇ | | | ✔ | | |
| ၈။ ကျေးလက်စျေးတည်ဆောက်ခြင်း | ၈ | | | | ✔ | |
| ၉။ အတိုးနှုန်းသက်သာသော ငွေစု/ငွေချေး အဖွဲ့များနှင့် ချိတ်ဆက်ခြင်း | ၉ | | | | | ✔ |
| ၁၀။ အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်း။ | ၁၀ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာတွင်းလမ်းအား ချောင်းကျောက်ခင်းခြင်း | | | ✔ | | |
| ၂ | လျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၃ | ဆေးပေးခန်းတည်ဆောက်ခြင်း | | | ✔ | | |
| ၄ | ချဉ်းကပ်လမ်းအား ကွန်ကရိလမ်း အဆင့် မြှင့်တင်ခြင်း၊ | | | ✔ | | |
| ၅ | ကေကွက်တည်ဆောက်ခြင်း | | | ✔ | | |
| ၆ | တာဝါတိုင်များ တည်ဆောက်ခြင်း | | | ✔ | | |
| ၇ | အားကစားကွင်းတည်ဆောက်ခြင်း | | | ✔ | | |
| ၈ | ကျေးလက်ဈေးတည်ဆောက်ခြင်း | | | ✔ | | |
| ၉ | အတိုးနှုန်းသက်သာသော ငွေစု/ငွေချေး အဖွဲ့များနှင့် ချိတ်ဆက်ခြင်း | | | ✔ | | |
| ၁၀ | အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်း။ | | | | ✔ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

# ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို

စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်

ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**အုတ်ပုံကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၉ | ၁၇ | ၃၆ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၄၉ | ၄၇ | ၉၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆၈ | ၆၀ | ၁၂၈ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆၁ | ၅၈ | ၁၁၉ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၈၂ | ၄၂၁ | ၈၀၃ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၁၇ | ၃၂ |
| **စုစုပေါင်း** | | ၅၉၄ | ၆၂၀ | ၁၂၁၄ |
| **စုစုပေါင်းအိမ်ထောင်စု** | | ၂၉၈ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**။ ။ ကညင်ငူကျေးရွာအုပ်စု အုတ်ပုံကျေးရွာတွင် ၁၅ နှစ်မှ ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ်များပြားသည်ကိုတွေ့ရသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား**

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂၈ | ၁၅၈ | | မြင့်☐လတ် ✔ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁၂၀ | ၁၃၈ | ၉၀ | မြင့်☐လတ် ☐နိမ့် ✔ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၅၀ | မြင့်☐လတ် ☐ နိမ့် ✔ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၄ | | မြင့်☐လတ် ✔ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | မြင့်☐လတ် ✔နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | ၃ | မြင့်☐လတ် ☐ နိမ့် ☐ |
| **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု သာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၈ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၄ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၅ | ၈ | ၅ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ(ဆံပြင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | ၂ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | - | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | ၂ | မြင့် ☐ လတ် ☐နိမ့် ✔ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁၀ | ၁၀ | ၃ | မြင့် ☐ လတ် ☐နိမ့် ✔ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ် ☐နိမ့် ✔ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ ကျပန်း/ ရာသီအလိုက် အလုပ်သမား | ၂၀ | ၃၄ | | ☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | ၂၂ | မြင့် ☐လတ် ✔ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၉၈ | ၃၇၀ | ၁၇၉ | ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အုတ်ပုံကျေးရွာတွင် လယ်/ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (၂)အိမ်ထောင်စုရှိပြီး အများစုမှာ လယ်ယာအလုပ်သမားများဖြစ်ကြပါသည်။

## (ခ-၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | - | ၄၀၀၀ | - |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၅၀၀၀ | - | ၄၀၀၀ | - |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | ၇၀၀၀ | - | ၂၀၀၀ | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | နေ့စား | - | ၅၀၀၀ | - | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ အုတ်ပုံကျေးရွာတွင် အမျိုးသား/အမျိုးသမီးလုပ်အားခ ကွာခြားမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝအရင်းအမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာအရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၇၁.၈ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၇၇.၃ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၁၄၉.၁ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊

လယ်သမား အုပ်စု၊

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် စိုက်ပျိုးရေးမြေဧက(၉၇၁.၈)ရှိပြီး ဥယျာဉ်ခြံမြေ (၁၇၇.၃) ဧက ရှိပါသည်။ မြေဆီလွှာမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။

## (၈-၂) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခာတ်ငွေ့၊ရေနံ၊ ကျောက်မျက် စသည်။) | များ ▢ သင့် ▢ နည်း ▢ မရှိ ✔ | လွယ် ▢ ခက် ▢ အသုံးမပြုနိုင်ပါ ▢ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ▢ သင့် ▢ နည်း ▢ မရှိ ✔ | လွယ် ▢ ခက် ▢ အသုံးမပြုနိုင်ပါ ▢ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ ၊ဆေးဖက်ဝင်အပင်များ) | များ ▢ သင့် ✔ နည်း ▢ မရှိ ▢ | လွယ် ✔ ခက် ▢ အသုံးမပြုနိုင်ပါ ▢ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ▢ သင့် ▢ နည်း ▢ မရှိ ✔ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် သဘာဝသယံဇာတများနှင့် တိရစ္ဆာန်မျိုးစိတ်များ မရှိပါ။ ဆေးဖက်ဝင်အပင်အနည်းငယ်သာရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲ သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကနှင့် အထက် | ၅ဧကနှင့်၁၀ဧက အကြား | ၅ဧက အောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံအိမ် | သွပ်မိုးပျဉ်ထောင်အိမ် | ဓနိမိုး၊ ထရံကာ | ဝါး၊တဲအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွားဝင်ငွေ အလွန်ကောင်း | စီးပွားဝင်ငွေ အသင့်အတင့် | စီးပွားဝင်ငွေနည်း | စီးပွားဝင်ငွေအ လွန်နည်း |
| အိမ်ထောင်စု | ၃၉(၁၃.၁၆ )% | ၄၃(၁၄.၄၇)% | ၃၄(၁၁.၅၁)% | ၁၈၂(၆၀.၈၆)% |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု ၃၉(၁၃.၁၆ )%၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၄၃(၁၄.၄၇)% ၊ ဆင်းရဲသောအိမ်ထောင်စု ၃၄(၁၁.၅၁)%ရှိပြီး အဆင်မပြေသော အိမ်ထောင်စုမှာ ၁၈၂(၆၀.၈၆)%ခန့် ရှိပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဉစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၄ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ = ✔<br>ချေးယူ = ✔<br>လုပ်အားခကြိုယူ = ✔ |
| ၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ = ✔<br>ချေးယူ = ✔<br>လုပ်အားခကြိုယူ = ✔ |
| ၆လမှ ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ = ✔<br>ချေးယူ = ✔<br>လုပ်အားခကြိုယူ = ✔ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၆၄)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၅၈%မှာ သူတပါးထံမှ ချေးယူ၍ ဖြေရှင်းနေကြပြီး ၄၂%ခန့်မှာ လုပ်အားခကြိုယူ၍ ဖြေရှင်းနေကြကြောင်း တွေ့ရှိရသည်။

## (၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် | ၃ | ၄ | ၇ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်<br>နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အုတ်ပုံကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေနည်းပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ) | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အုတ်ပုံကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် တိရစ္ဆာန်ကူးစက် ရောဂါ၊ လူကုန်ကူးခြင်းနှင့် အခြားကူးဆက်ရောဂါများမရှိပါ။

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| **စဉ်** | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု**<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | မြေယာမဲ့ဆင်းရဲသောတောင်သူ | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးဆက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✔ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။လက်လုပ်လက်စားများ၊ ကျပန်းများတွင် ထိခိုက်ခံရမှုများ၍ ကျန်သူများတွင် ထိခိုက်သက်ရောက်မှုခံနိုင်သည့်သူ နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | မြတ်ပါရမီ<br>ကျန်းမာရေး<br>ကူညီမှု<br>အသင်း | ၁▢ ၂ ✔ ၃▢ | ၁၅ | - | ၁၅ | ပညာရေး ▢ငွေကြေး ▢<br>ကျန်းမာရေး ✔ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး▢လုံခြုံရေးနှင့်<br>ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၂ | "ဓမ္မစကူး<br>ဘာသာရေး<br>အဖွဲ့ | ၁▢ ၂ ▢ ၃ ✔ | ၁၅ | - | ၁၅ | ပညာရေး ▢ငွေကြေး ▢<br>ကျန်းမာရေး ▢ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး▢လုံခြုံရေးနှင့်<br>ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၃ | အုပ်ချုပ်ရေး<br>နှင့်အရန်မီး<br>သတ်တပ်ဖွဲ့ | ၁▢ ၂ ✔ ၃▢ | ၂၀ | - | ၂၀ | ပညာရေး ▢ငွေကြေး ▢<br>ကျန်းမာရေး ▢ဘာသာရေး ▢<br>စိုက်ပျိုးမွေးမြူရေး▢<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး ▢လုံခြုံရေးနှင့်<br>ကာကွယ်ရေး ✔ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၄ | စာကြည့်<br>တိုက်အသင်း | ၁▢ ၂ ▢ ၃ ✔ | ၁၅ | ၁၀ | ၂၅ | ပညာရေး ▢ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး ✔လုံခြုံရေးနှင့်<br>ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၅ | မိဘဆရာ<br>အသင်း | ၁▢ ၂ ▢ ၃ ✔ | ၁၅ | ၁၅ | ၃၀ | ပညာရေး ✔ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ–အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်**။ ။ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှု အသင့်အတင့်သာရှိပါသည်။

## (က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | မဟာသြဘာ | ၁☐၂☐၃☐၄☐၅☐၆☐၇✔ | ပညာရေး ☐ ငွေကြေး ✔ ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် ပုဂ္ဂလိက ငွေရေးကြေးရေးဝန်ဆောင်မှုအဖွဲ့အစည်းများရှိပါသည်။ သမဝါယမဦးစီးဌာနမှချေးငွေများလည်း ရရှိပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှုအရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်** |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၇၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၃၄ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၄၃ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၃၉ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၂၉၈ | ၁၁၄၉.၁ |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် စိုက်ပျိုးမြေရေယာ အသင့်အတင့်ရှိပြီး မြေယာမဲ့ အိမ်ထောင်စုများကလည်း စိုက်ပျိုးရေးလုပ်ငန်းများ အပေါ်မှီခိုကာ ကျပန်းနေ့စားအလုပ်အကိုင်များဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | ရေ သောက် (ဧက) | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်း မြောင်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | ၁၇၇.၃ | တစ်နှစ်ပတ်လုံး ✔ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ✔ မရှိ ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂)ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်**။ ။ကျေးရွာတွင် နွေစပါးစိုက်ပျိုးခြင်းမရှိသည့်အတွက် အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာမှာမရှိပါ။

## (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၉၇၁.၈ | တင်း | ၅၀ | ၇၀ | ၆၀ | ဇွန် | စက်တင်ဘာ | မြင့် ▢ လတ် ✔ နိမ့် ▢ | မြင့် ▢ လတ် ✔ နိမ့် ▢ |
| မတ်ပဲ | ၉၇၁.၈ | တင်း | ၅ | ၈ | ၇ | စက်တင်ဘာ | ဒီဇင်ဘာ | မြင့် ▢ လတ် ✔ နိမ့် ▢ | မြင့် ▢ လတ် ✔ နိမ့် ▢ |
| ကွမ်း | ၁၇၇.၃ | ပိဿာ | ၁၅၀ | ၂၅၀ | ၄၀၀ | မေ | ဒီဇင်ဘာ | မြင့် ▢ လတ် ✔ နိမ့် ▢ | မြင့် ▢ လတ် ✔ နိမ့် ▢ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း– လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အုတ်ပုံကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ စပါး၊ မတ်ပဲစ သည့် ပုံမှန်အသီးနှံများအပြင် အခြားထွက်ကုန်ဖြစ်သော ကွမ်းကိုပါ စိုက်ပျိုးကြောင်း တွေ့ရှိရပြီး သီးနှံ အထွက်နှုန်းမှာ ပုံမှန်သာထွက်ရှိ၍ အမြတ်ငွေအားဖြင့် အသင့်အတင့်ရှိပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | - |
| လက်တွန်းထွန်စက် | ၁၇ | - | - | - |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | - | - | - |
| ရိတ်သိမ်းစက် | ၁ | - | - | - |
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | ၁၀၁ | - | - | - |
| ခြေနင်းရေတင်စက် | ၁ | - | - | - |
| မြက်ရိတ်စက် | ၁၀ | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊

(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှုမှာ တစ်ဦးချင်း ပိုင်ဆိုင်မှုများသာရှိပြီး ရွာပိုင်၊ အစုအဖွဲ့ပိုင် မရှိကြောင်း တွေ့ရပါသည်။

## (၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | **ဖော်ပြချက်/ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက'မဖြေဆိုပါ'ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေးအရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ ✔ မဖြေဆိုပါ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး/သြော်ဂဲနစ်မြေသြဇာနှင့်အခြားသြော်ဂဲနစ်သွင်းအား အုပ်စုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐ |

ရင်းမြစ်…(၁)ဦးတည်အုပ်စုဆွေးနွေးခြင်းလယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် ရေမြေရာသီဥတုအနေအထား အသင့်အတင့်ရှိ၍ သဘာဝဓါတ်မြေသြဇာနှင့် မျိုးစေ့များလည်းဝယ်ယူနိုင်ပြီး ချေးငွေများလည်းအသင့်အတင့် ရရှိပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်**(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ဇယား(၁၇)နှင့်(၁၈)ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ✔ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေးအရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံဈေးကွက်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန် စွာဖြင့် မရောင်းချနိုင်ပါ ✔<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ✔<br>မဖြေဆိုပါ ☐ |

ရင်းမြစ်…(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်**။ ။အုတ်ပုံကျေးရွာတွင် သီးနှံစိုက်ပျိုးရန်အတွက်လုပ်သားရရှိနိုင်မှုမလုံလောက်သဖြင့် အခက်အခဲများစွာရှိပါသည်။ သီးနှံများကိုရောင်းချရာတွင် ဈေးနှုန်းများ တည်ငြိမ်မှုမရှိသည့်အတွက်များစွာ အခက်အခဲဖြစ်ရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | - | - |
| နွား | ၂၉ | ၆၄ |
| နို့စားနွား | ၂ | ၂ |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
